# The Mystery of Paradise

## ပရသိသုဘုံ (တတိယကောင်းကင်ဘုံ) ရဲ့ ထူးဆန်းချက်များ

**ပယ်ရီစတုန်း (အင်တာဗျူးမေးခွန်းမေးသူ)။ ။**

မိတ်ဆွေ. . . သင်ကိုယ်တိုင် (သို့) သင့်ရဲ့သူငယ်ချင်းကိုယ်တိုင် ကလေးပျောက်တာကိုကြုံတွေ့ခံစားဘူးသလား? (၈)နှစ်၊ (၉)နှစ်၊ (၁၀)နှစ်(သို့) ဆယ်ကျော်သက်အရွယ် သင့်ကလေးကသေဆုံးသွားသော်လည်း၊ ဘုရားသခင်ဆီမှာရောက်ပြီး အသက်ရှင်နေတယ်ဆိုတာ သင်တကယ့်ကို ယုံနိုင်ပါ့မလား? ဒါမှမဟုတ် သူတို့တွေ အခုဘယ်နေရာကို ရောက်နေကြသလဲ? ဘာလုပ်နေကြမလဲဆိုတာ သင်တွေးမိရဲ့လား? ဒါမှမဟုတ် သူတို့ကိုသင့်ဘဝထဲက အပြီးအပိုင်ထုတ်ပစ်လိုက်ပြီလား? ဖျက်ချခြင်းခံရတဲ့ကလေးတွေအတွက်ကော သင်စဉ်းစားမိရဲ့လား? ငယ်တဲ့ကလေးမှာ ဘယ်လိုလုပ်လာပြီး ဝိညာဉ်ရှိမှာလားလို့ သင်ထင်နေမိသလား?

ဒီကနေ့ ကျွန်တော်အထူးဧည့်သည်တစ်ယောက်ကို အင်တာဗျူးလုပ်ဖို့ ဖိတ်ထားပါတယ်။ သေပြီးရှင်ပြန်လာတဲ့လူတွေ၊ သူတို့ရဲ့ပြောကြားချက်မှတ်တမ်းတွေ အစရှိတာတွေကို ကျွန်တော်တို့ လေးလေးနက်နက် လေ့လာနေကြပါတယ်။

* သေပြီးနောက်ပိုင်းမှာ အသက်ရှင်တာ တကယ်ပဲလား?
* ကောင်းကင်ဘုံဆိုတာကော တကယ်ပဲရှိတာ ဟုတ်ရဲ့လား?
* အကယ်၍ သေပြီးအသက်ရှင်နိုင်ရင် ဘယ်နေရာမှာ ဘယ်လိုမျိုးရှင်ပြီး ရှိနေမှာလဲ? အစရှိတဲ့ မေးခွန်းတွေကို ပြုစုလေ့လာနေကြပါတယ်။

အခုတော့ ကျွန်တော့်ရှေ့မှာထိုင်နေတဲ့ ဘုန်းတော်ကြီးကယ်ရီကို နားထောင်သူ (သို့) စာဖတ်သူပရိသတ်နဲ့ မိတ်ဆက်ပေးပါရစေ. . . ။

ဆင်းရဲနွမ်းပါးသူတွေ၊ အိမ်ယာမဲ့နေသူတွေကို ကြည့်ရှုစောင့်ရှောက်လာတာ နှစ်ပေါင်းတော်တော်ကြာနေပြီဖြစ်တဲ့ ဘုန်းတော်ကြီးကယ်လီခင်ဗျား -

အသက် (၂၄)နှစ်အရွယ်ရှိတဲ့ သားတစ်ယောက် အသတ်ခံပြီး၊ သေဆုံးသွားပြီသည့်နောက်ပိုင်းကာလများမှာလည်း ခရစ်တော်နဲ့ဧဝံဂေလိသတင်းကောင်းများကို ဆက်လက်ပြောကြားနေရုံမျှမက လူသားချင်းကူညီထောက်ထားညှာတာစာနာတဲ့ လူမှုရေးလုပ်ငန်းများကိုလည်း အမေရိကားမှာ Ganster (လူမိုက်ကြီး)တွေ အုပ်စိုးတဲ့နေရာမှာရှိတဲ့ Watts District မှာ ဆက်လက်လုပ်ကိုင်မြဲ လုပ်ကိုင်နေတယ်လို့ ကြားသိရပါတယ်။ သားလေးမောင်းလာတဲ့ကားကို ဝိုင်းလုကြပြီး ဆရာရဲ့သားလေးရဲ့ ရင်ဘတ်တည့်တည့်ကို သေနတ်နဲ့ (၂)ကြိမ် ပစ်သတ်ခဲ့ကြတယ်။ ဆရာကိုယ်တိုင်လည်း ဦးနှောက်နဲ့စိတ်ထိခိုက်ဒဏ်ရာရပြီး ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလမှစပြီး ဆေးရုံတက်ခဲ့ရတယ်။ နာကျင်တဲ့ဝေဒနာတွေ မပျောက်နိုင်ဘဲ သေလုမတတ် ခံစားခဲ့ရတယ်။ ဒါတွေဟာ အမှန်ပဲလား ဆရာ? ပရိသတ်ကို တင်ပြပေးပါ။

**ဘုန်းတော်ကြီးကယ်လီ (ပြန်လည်ဖြေကြားသူ)။ ။**

ဒါတွေအားလုံးဟာ အမှန်ပါပဲ။

ဆေးရုံကိုရောက်တော့ ကျွန်တော့်ကို အသေးစိတ်စစ်ဆေးပြီးတာနဲ့ ကျွန်တော့်ဦးနှောက်ထဲမှာ အကြိတ်ကြီးရှိတယ်လို့ ဆရာဝန်တွေက ပြောတယ်လေ။ သောက်လိုက်ရတဲ့ဆေးတွေကလည်း ရာနဲ့ချီ။ ဆေးရုံမှာနေလိုက်ရတဲ့ ရက်ကလည်း လနဲ့ချီ။ ဒါထက်ဆိုးတာက အဲဒီဝေဒနာပြင်းပြလာချိန်မှာအရမ်းကို အောင့်အောင့်ပြီး ခေါင်းထဲကနာတယ်။ ရင်ဘတ်ထဲကလည်း နာတယ်။ အဲဒီလိုနာပြီဆိုရင် ခန္ဓာကိုယ်တစ်ခုလုံး အထဲမှာရှိတဲ့အရာအားလုံးကို လေထဲကို (အပြင်ကို) စုပ်ယူသွားသလိုဘဲ. . ။ ဘာမှရှူစရာမကျန်လို့ သေမတတ်ဖြစ်တဲ့ နာနည်းမျိုးပေါ့။ နောက်တော့ တကယ်ကိုအသက်ကိုမရှူနိုင်တော့တဲ့ ဘဝကို ရောက်တော့တာပဲ။ ချွေးစီးလည်းကျ၊ မျက်ရည်လဲကျပေါ့။

အဲ့ဒီနောက်မှာ မတ်တပ်မရပ်နိုင်တော့ပဲ ပြုတ်ကျသွားတယ်။

ချက်ချင်းဆိုသလို ငရဲပြည်ကို ဘာမှန်းမသိတဲ့အရာတစ်ခု (သို့) အရှိန်အဟုန်တစ်ခုက ဆွဲချခေါ်သွားတယ်။ ကျွန်တော်လည်း ကြောက်လွန်းလို့ ငယ်သံပါအောင် အော်ဟစ်နေတော့တာပေါ့။ 'ဘုရားရှင်. . ကျွန်တော်က ဘာလို့ ငရဲပြည်သွားရမလဲ? ဒါတွေဘာကြောင့်ဖြစ်စေတာလဲ? ကျွန်တော်ဟာ ဘုရားလူလေ. . ဘုရားခိုင်းတာတွေအားလုံးလည်း လုပ်ပေးတယ်လေ' လို့ ဘုရားကိုအော်ဟစ်ပြီး မေးတော့တာပဲ။ အောက်ဘက်တွင်းထဲမှလည်း အော်ဟစ်သံများကို ကြားလိုက်ရတယ်။ ဆွဲချနေတဲ့အရှိန်ကို တစုံတခုကို ရပ်တန့်ရန် အမိန့်ပေးလိုက်သကဲ့သို့ တစ်နေရာအရောက်မှာ ကျွန်တော်ရပ်သွားတယ်။

ဘုရားရှင်ရဲ့စကားသံကို ချက်ချင်းကြားရတော့တာပဲ **'ငါဘုရားရှင်ကို မယုံကြည်ပဲ. . ဆေးရုံတက်ရင်း ဆေးရုံမှာပဲသေတဲ့လူတွေဟာ သေပြီးနောက်ပိုင်းမှာ ဘာဆက်ဖြစ်တယ်ဆိုတာ သင့်ကို သိစေ၊ ကြားစေ၊ မြင်စေဖို့ရန် ဒီကိုခေါ်လာခဲ့ခြင်းဖြစ်တယ်'** တဲ့။ **'မကြောက်ပါနှင့်ကယ်ရီ။ ငါဘုရားရှင်ကို မယုံကြည်တဲ့လူတွေကိုဒီအကြောင်းအရာတွေကိုသိဖို့ သင်ပြန်ပြောဖို့အတွက် ဒီကိုခေါ်ခဲ့ရတာပါ။ ဒါဟာသင့်ရဲ့တာဝန်ပဲဖြစ်တယ်'** လို့ ဆက်လက်ပြီး ဘုရားရှင်က ပြောတယ်။

ကျွန်တော်ချက်ချင်းခံစားမိတာကတော့ ဘုရားရှင်ကို မယုံကြည်ပဲ သေတဲ့လူရဲ့ခံစားချက်ပဲ။ အသက်ခန္ဓာကိုယ်ထဲကထွက်ချိန် သူတို့ဘယ်လိုခံစားရမလဲထင်လဲ?

'ဆောက်တည်ရာမဲ့၊ လမ်းပျောက်တဲ့ခံစားမှု' နဲ့ အသက်ထွက်ကြရတာလေ။

အပေါ်ကနေ ပြန်ဆွဲတဲ့အရှိန်တခုနဲ့ ကျွန်တော့်ကို ပြန်ဆွဲယူပြီး အေးစက်နေပြီဖြစ်တဲ့ ကျွန်တော့်ကိုယ်ခန္ဓာထဲကို ကျွန်တော့်ကိုပြန်ထည့်လိုက်တယ်။ မြန်လိုက်တာဗျာ။ ကြောက်လိုက်ရတာ အလွန်ပါပဲ။

အသက်နဲ့ခန္ဓာတစ်ခုတည်း ပြန်ဖြစ်သွားတဲ့အချိန်မှာ. . . ကျွန်တော့်ဘေးနားမှာ ကျွန်တော်အသက်ပြန်ရှင်ဖို့ အထူးတလည်ကြိုးစားပေးနေကြတဲ့ ဆရာဝန်ကြီးများရဲ့ စကားသံတွေကို ကြားနေရတယ်။

ကျွန်တော်က သူတို့ကို 'ကျွန်တော်ဒီမှာလေ. . ကျွန်တော်ဒီမှာလေ ဆရာဝန်ကြီးရေ. . ကျွန်တော်ဒီမှာလေ' လို့ အော်ပြောလိုက်တယ်။ မကြားကြဘူး။ အော်ခေါ်တာကို တစ်ယောက်မှမကြားရဘူး။ နှလုံးပြန်ခုန်စေတဲ့ စက်ကိရိယာတွေနဲ့ ကျွန်တော့်နှလုံးပြန်ခုန်လာအောင် ကြိုးစားပမ်းစားနဲ့ ပြန်ကုနေကြတယ်။ ကျွန်တော့်ဝိညာဉ်ရဲ့ အော်ပြောတဲ့အသံကို ကျွန်တော်ကြားနေရတယ်။

'ကျွန်တော်မသေသေးပါဘူး. . ကျွန်တော်အသက်ရှင်နေသေးတယ်'

ဒါပေမယ့် ကျွန်တော့်မျက်လုံးကတော့ မဖွင့်နိုင်ပါဘူး။ လက်ချောင်းလေးတွေလည်း မလှုပ်ရှားနိုင်တော့ပါဘူး။ ဒါဟာ အသက်ငင်နေတာလား. . အသက်ထွက်သွားပြီလား. . အသက်မထွက်ဘဲ အသက်ဆက်ဖို့ ကြိုးစားနေတာလားဆိုတာ ကျွန်တော်လည်း မသိတော့ဘူး။ အားလုံးဟာ တပြိုင်နက် ဖြစ်ပျက်နေကြတယ်။

ချက်ချင်းဆိုသလို ဘုရားသခင်ရဲ့စကားသံကို ကြားလိုက်ရတယ်။

**'မျက်လုံးဖွင့်လိုက်ပါ'** တဲ့။

တခဏမှာပဲ ကျွန်တော်မျက်စိပွင့်လာတယ်။

ဆရာဝန်မကြီးများကို တွေ့လိုက်ရတယ်။

'အောင်မလေးရှင်. . ကျွန်မတို့က ရှင့်ကို လက်လွှတ်လိုက်ရပြီ ထင်နေတာ. . ဝမ်းသာလိုက်တာရှင်' လို့ ပြုံးပြီးပြောကြတယ်။

အထူးကြပ်မတ်ခန်းထဲကို ချက်ချင်းပို့လိုက်ကြတယ်။

**ပယ်ရီစတုန်း။ ။**

နောက်ရက်အနည်းငယ်ကြာတော့ အထူးကြပ်မတ်ခန်းထဲမှာ ဘာဖြစ်တယ်ဆိုတာကို ပြောပြပါဦး။

**ဘုန်းတော်ကြီးကယ်လီ။ ။**

အသက်ပြန်ရှင်လာလို့ ဝမ်းသာလွန်းလို့ ကျွန်တော်အရမ်းပျော်ပြီး ကျေးဇူးတော်ချီးမွမ်းနေသော်ငြားလည်း သွေးကတော့အဆမတန် တိုးနေသေးတယ်ဗျ။ ခေါင်းလည်း ခဏခဏကိုက်တယ်။ ရေခဲတုံး (၂)တုံး ခေါင်းမှာလာလာကပ်ပေးပြီး (၁၅)မိနစ်တစ်ကြိမ် သူနာပြုတစ်ယောက်က အမြဲလာလာကြည့်ရှုပေးတယ်။ ခရစ်ယာန်ဓမ္မတီဗွီ Channel တစ်ခုကို ပြောင်းပေးပါလား? လို့ သူနာပြုကိုတောင်းဆိုလိုက်တယ်။ သူပြောင်းပေးပြီး အခန်းအပြင်ကိုထွက်သွားတာနဲ့တပြိုင်နက်ပဲ. . .

ရွှေရောင်ထိန်လင်းနေတဲ့ အလင်းလုံးကြီးတစ်ခုက အခန်းထဲကိုဝင်လာတယ်။ ကုတင်ခြေရင်းမှာရပ်တန့်လိုက်တယ်။ အလင်းလုံးကြီးထဲက. . . ကောင်းကင်တမန်က ကျွန်တော့်ကို ကုတင်ပေါ်ကဆွဲထူလိုက်တယ်ဆိုရင်ပဲ ကျွန်တော့်ခန္ဓာကိုယ်ဟာ အသက်မဲ့စွာကုတင်ပေါ်မှာ ကျန်ခဲ့တော့တယ်။

လက်ဖျောက်တချက်တီးရုံကာလလေးမှာပဲ ကျွန်တော့်ဝိညာဉ်နဲ့ခန္ဓာကိုယ် အဆက်အသွယ်ပြတ်ပြီး ဝိညာဉ်ခန္ဓာထဲက ထွက်ခဲ့ရတယ်။

**ပယ်ရီစတုန်း။ ။**

ကျမ်းစာ (၂ကော) အခန်းကြီးမှာရေးထားတဲ့အတိုင်း ရှင်ပေါလုပြောတဲ့အတိုင်း ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ထွက်ခြင်းဆိုတာမျိုးလား?

**ဘုန်းတော်ကြီး။ ။**

အမှန်ပဲ။ ခန္ဓာကိုယ်ကြီးဟာ သုံးစားလို့မရတဲ့ အခွံကြီးအဖြစ် ကျန်ရစ်ခဲ့တယ်။ ယောင်တောင်တောင်နဲ့ ကောင်းကင်တမန်ကို ကျွန်တော်က. . . 'မိတ်ဆွေ. . ဟိုမှာတွေ့လား၊ ဟိုကုတင်ပေါ်က အဲဒီလူဟာ တော်တော်အခြေအနေဆိုးနေပါလား? အသက်တောင်ဆက်ရှင်နိုင်ပါ့ဦးမလား' လို့ပြောလိုက်မိတယ်။ တကယ်တော့ အသေကောင်ဖြစ်နေတဲ့ ကျွန်တော့်ကိုယ်ခန္ဓာကို ကျွန်တော်ပြန်မြင်ပြီး၊ သနားပြီးပြောနေမိတာလေ. . . ။

ချက်ချင်းဆိုသလို အလင်းလုံးကြီးနဲ့အတူ သိပ်ကိုသာယာလှပတဲ့ဥယျာဉ်ကြီးတစ်ခုထဲကို ကျွန်တော်ရောက်သွားတယ်။ လူ (၁၀)ယောက်လက်တွေကိုဆန့်ပြီး ဝိုင်းကြီးပတ်ပတ် ဝိုင်းဖက်မှရနိုင်တဲ့ ပင်စည်ရှိတဲ့ သစ်ပင်အကြီးကြီးတွေကို တွေ့ရတယ်။ မြက်ခင်းစိမ်းများကိုလည်း တွေ့ရတယ်။ မြက်ပင်တွေရဲ့အရွက်အစွန်းတွေမှာ စိန်ပွင့်တွေရယ်၊ ကျောက်စိမ်းတွေရယ်၊ အခြားအဖိုးကျောက်မျက်ရတနာတစ်မျိုးရယ် သုံးမျိုးပေါင်း သုံးရောင်ခြယ်ပေါ့။ ဒါမျိုးတခါမှကို

မမြင်ဘူးဘူးဗျာ. . .။ လေတိုက်တိုင်းယိမ်း။ စိန်ပွင့်တွေက အလင်းဖြာ။ မြက်ခင်းတွေကစိမ်း။ လှပပြီးသာယာလိုက်တာ။ ကမ္ဘာမှာအလှဆုံးဂေါက်ကွင်း (သို့) ဘောလုံးကွင်းမှာရှိတဲ့ အထူးတလည် ပြုစုစောင့်ရှောက်စိုက်ပျိုးထားတဲ့ မြက်ခင်းတွေထက် အဆပေါင်းများစွာ ညီညာတဲ့မြက်ခင်းပြင်ကြီးတစ်ခုပါပဲ။

**ပယ်ရီစတုန်း။ ။**

ဆရာ. . မြက်ခင်းပေါ် လမ်းလျှောက်ခဲ့သလား?

**ဘုန်းတော်ကြီး။ ။**

ကျွန်တော့်အရပ်က (၆)ပေ၊ (၅)လက္မ။ ကောင်းကင်တမန်ကြီးရဲ့အရပ်က (၇)ပေလောက်ရှိမယ်ထင်တယ်။ သူက ကျွန်တော့်ကို 'လမ်းလျှောက်ဖြတ်သွားပါ' လို့ပြောတယ်။ မြက်ခင်းမှာရှိတဲ့ ကျောက်စိမ်းပွင့်တွေက ကျွန်တော့်ဒူးခေါင်းလောက်ထိ ရှိတတ်တယ်။ မြက်ရှမှာလည်း ကျွန်တော်ကကြောက်တော့ အင်တင်တင်နဲ့ပေ့ါ။ 'မြက်ခင်းပေါ် လမ်းလျှောက်သွားပါ' သူထပ်ပြီးပြောတယ်။ ဘာမှမထူးတော့ပါဘူးဆိုပြီး စပြီးလျှောက်လိုက်တာနဲ့မှာ. . . ကော်တွန် (Cotton) ဖပ်လေးတွေ နုနေသလိုပဲ. . . သိပ်နူးညံ့ပြီး လုံးဝကိုအံ့သြစရာပဲ။

လမ်းဆက်လျှောက်လာခဲ့ပြီး မကြာခင်မှာပဲ တေးသီချင်းသံအတိုင်းလိုက်ပြီး လှပစွာကနေသလိုဖြစ်နေတဲ့ မြစ်ကြီးတစ်ခုဆီကိုရောက်လာတယ်။ ပါးစပ်အဟောင်းသား ဟလျက်. . ကျွန်တော်ငေးကြည့်နေမိတယ်။

**ပယ်ရီစတုန်း။ ။**

သီချင်းသံကို ခင်ဗျားနားနဲ့ကြားရလား?

**ဘုန်းတော်ကြီး။ ။**

ဆက်ဆက်ကို ကြားရပါတယ်။

**ပယ်ရီစတုန်း။ ။**

'က' နေတဲ့မြစ်ရေဟာ ဘာနဲ့တူလဲ? ဘယ်လိုမျိုးလဲ?

**ဘုန်းတော်ကြီး။ ။**

စိန်ပွင့်တွေကို အရည်ဖျော်ထားတဲ့ ငွေလှိုင်းရေတွေပါ. . .။

လင်းလက်တောက်ပပြီး အံ့သြစရာကြီးဗျာ. . .

တခါမှ မမြင်ဘူးတဲ့ သက်တံ့မှာရှိတဲ့အရောင်များလည်း ခြယ်ထားတယ်။

ကျွန်တော်ဟာ လက်ဝှေ့ချန်ပီယံတစ်ဦးလည်းဖြစ်ပါတယ်။ သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ဝှေ့ထိုးပြီးကျီစယ်နေလေ့ရှိတယ်။ သူသေမယ့် မနက်ခင်းကပေ့ါ. . .

သားနဲ့ကျွန်တော် နှစ်ယောက်တည်း မီးဖိုချောင်အခန်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လက်ဝှေ့ထိုးနေကြတယ်။ ရုတ်တရက် သားက မထင်မှတ်ဘဲ လက်ဝှေ့ထိုးနေတာကိုရပ်လိုက်ပြီး၊ ကျွန်တော့်ဆီပြေးလာပြီး အကြီးမားဆုံးအင်အားကြီးတစ်ခုနဲ့ ပြေးဖက်လိုက်တယ်။ ကျွန်တော့်ရင်ထဲ အေးမြသွားတယ်။ ဒီကောင်ဘာကြောင့်တာလဲ? ဆိုတဲ့ အတွေးပုံစံမျိုးနဲ့ ကိုယ့်သားသမီးကို အိုင်တင်လုပ်ပြီး ဘာလို့ကြည့်ပြုရမှာလဲ?

ဒါပေမဲ့ သူ့ခန္ဓာကိုယ်၊ သူ့အားကြီးနဲ့ မလွတ်တမ်း အကြာကြီးဖက်ထားတော့ အင်း. . သေချာပြီ။ အလုပ်မှာ တစ်ခုခုတော့ဖြစ်ပြီ။ ငါ့ကိုပြောစရာ တော့ရှိနေပြီလား မသိဘူး ဆိုတဲ့ စိတ်ကဖြစ်လာတယ်။

'ကဲ. . ပြော. . မင်းအလုပ်မှာ ဘာတွေဖြစ်ခဲ့လဲ' လို့မေးတော့

'အလုပ်မှာဘာမှမဖြစ်ပါဘူး အဖေ၊ အိုကေပါတယ်။ အဖေ. . ကျွန်တော့်ကို ကတိတစ်ခုပေးပါ။ အဖေကော၊ အမေပါ ကျွန်တော့်ကိုအဲ့ဒီကတိတည်အောင်လုပ်ပေးပါ။ အဲ့ဒါဘာလဲဆိုတော့ အဖေကော၊ အမေကော သေသည့်တိုင်အောင် နှောင်ကြိုးမှလွတ်မြောက်ခြင်းတရားများကို ဆေးဆွဲနေတဲ့သူတွေ၊ အမှောင်ဂိုဏ်းသားတွေကို အထူးတလည် ဟောကြားပေးပါ။' ဒါပါပဲ။

'အဖေ အဲ့ဒါကို လုပ်ပေးနိုင်ရင် အဖေဘယ်တော့မှ ကျွန်တော့်ကို မဆုံးရှုံးဘူး'

သိပြီ. . . ကျွန်တော် ချက်ချင်းသိပါပြီ။

'အိုကေ သား. . စိတ်ချ' ကျွန်တော်ကတိပေးလိုက်တယ်။

'သား. . အဖေ့ကိုထပ်ပြီး ဘာများရင်ဖွင့်ချင်သေးသလဲ' လို့မေးတော့. . .

'မရှိဘူး အဖေ၊ အဖေသာ ကတိတည်အောင် ကြိုးစားပေးပါ' တဲ့။

နောက်နေ့. . .

ကျွန်တော် နီဗါဒါးနယ်မှာ တရားသွားဟောရတယ်။

အမှတ်မထင် မိန်းမဆီက ဖုန်းဝင်လာတယ်။

'သားရဲ့ကားကို ဝင်လုယူမောင်းပြေးသွားပြီး ဘာမဆိုင်ညာမဆိုင် သားရဲ့ရင်ဘတ်တည့်တည့်ကို သေနတ်နဲ့ (၂)ချက်ပစ်ခဲ့လို့ သားသေပြီ' တဲ့။

ကမ္ဘာကြီးထဲမှာ အရာအားလုံးဆုံးရှုံးသွားလိုက်ရသလိုပါပဲ။

ကျွန်တော် အသက်တောင်မရှူနိုင်တော့ပဲ ချုံးပွဲချငိုရပါပြီ။

သေပြီး အသက်ရှင်နေတဲ့သားက မြစ်တဘက်က ထပ်ပြီးအော်ပြောပြန်တယ်။ အခုမြင်နေရတဲ့၊ ရှေ့မှာကနေတဲ့ စိန်ရောင်တလင်းလင်း မြစ်ကြီးရဲ့ ဟိုဘက်ကမ်းမှာ သားပါလား? အသက်ရှင်နေပါလား?

'အဖေ. . ဆက်ပြီးကြိုးစားပါ။ အဖေတရားဟောပြီး ပြောင်းလဲပေးရမယ့်လူတွေ အများကြီးပဲ ကျန်သေးတယ်။ ဒီဘက်ကို အဖေမလာနိုင်တာ ဘာကြောင့်လဲဆိုတော့ အဖေတာဝန်မပြီးဆုံးသေးလို့။ အဖေပြန်ပါ။ တာဝန်ကျေအောင် ဆက်လုပ်ပေးပါ။' . . တဲ့။

ကျွန်တော့်အသိမိတ်ဆွေ တခြားဧဝံဂေလိဆရာ၊ သင်းအုပ်ဆရာတွေကိုလည်း မြစ်နဲ့တဘက်ကမ်းမှာ အသက်ရှင်လျက်ရှိနေတာကို တွေ့လိုက်ရတယ်။ သူတို့ကလည်း 'ကမ္ဘာမြေကြီးကို ပြန်ပါ။ အလုပ်ကိုသာ ကျေပွန်အောင်၊ ပြီးဆုံးအောင်လုပ်ပါ' လို့ မှာကြားကြတယ်။

**ပယ်ရီစတုန်း။** ။

အကယ်၍များ မြစ်ကိုဖြတ်ကျော်ပြီးရင် ကမ္ဘာကြီးကို ပြန်မလာနိုင်တော့ဘူးပေါ့? . . ဟုတ်လား?

**ဘုန်းတော်ကြီး။** ။

ကျွန်တော့်တော့ အဲ့ဒီလိုပဲ ယူဆတယ်။

**ပယ်ရီစတုန်း။** ။

တခြားဘယ်သူတွေကိုကော တွေ့သေးလဲ?

**ဘုန်းတော်ကြီး။** ။

ကလေးတွေပါ။ ပျော်ရွှင်စွာနဲ့ ဟိုဘက်ကမ်းတဘက်မှာ ပြေးလွှားဆော့ကစားနေလိုက်ကြတာ. . . ။

အဲ့ဒီမြင်ကွင်းကို ကြည့်နေတုန်းမှာပဲ ဘုရားရှင်က စပြီး ကျွန်တော့်ကို စကားပြောလာတော့တာပါပဲ။

**'သင်ဟာ သူတို့ထဲက တစ်ယောက်ပဲ'** တဲ့။

ကလေးအုပ်စု (၃)စု ကစားနေကြတယ်။

ဘုရားရှင်ကပြောတယ်**။ 'အုပ်စုတစ်စုက စစ်ပွဲကြောင့်၊ ယာဉ်တိုက်ခံရမှုကြောင့်၊ ကင်ဆာရောဂါကြောင့် သေပြီးရောက်လာကြတဲ့ ကလေးတွေ'** တဲ့။ အသားအရောင်မျိုးစုံ (လူမျိုးစုံ)ပါပဲ။ ဒုတိယအုပ်စုကလေးတွေကတော့ ပြေးလွှားဆော့ကစားနေလိုက်တာ. . . ။ ဘုရားရှင်က **'အဲ့ဒီဘက်မှာရှိတဲ့ ဒုတိယအုပ်စုကတော့. . ကိုယ်ဝန်ဖျက်ချလိုက်လို့ သေသွားရရှာတဲ့ကလေးတွေပဲ. . ငါဘုရားရှင်ဆီကို အကုန်ပြန်ရောက်လာကြတယ်လေ. . . '** လို့ ပြောပြတယ်။ စိတ်ဝမ်းနည်းသွားတဲ့ အသံလှိုင်းဓါတ်တစ်ခု ကျွန်တော့်ရင်ထဲ ချက်ချင်းခံစားမိလိုက်တယ်။ ဘုရားရှင် ငိုနေတယ်။

တတိယအုပ်စုကတော့ ယုံကြည်သူခရစ်ယာန်မိဘတွေကိုယ်တိုင်က တိတ်တဆိတ်ဖျက်ချခြင်းခံလိုက်ရတဲ့ ကလေးတွေပါပဲ။ အလိုလေး ဘုရားရှင်က အုပ်စု (၃)စုခွဲထားပါလား။ ကျွန်တော်တခါမှ မစဉ်းစားမိတဲ့အချက်ပဲပေါ့။

ဘုရားရှင်က ဆက်လက်၍ အသင်းတော်အတွက် သတိပေးချက် (၂)ချက်ကို ကျွန်တော့်အား သေချာစွာမှာကြားပါတယ်။ ပထမအချက်ကတော့ နောင်တရကြဖို့ပါ။ အပြစ်ဝန်ချတောင်းပန်ပြီး ထိုအပြစ်များကို ထပ်မလုပ်ကြဖို့ပါ။ ဘုရားရှင်က **'လူတွေဟာ. . . ငါဘုရားရှင်ကို တန်ဖိုးမထားကြဘူး။ အလေးအနက်ထားပြီး ကိုးကွယ်မှုမရှိကြဘူး'** လို့ပြောတယ်။ အသင်းတော်ထဲမှာရှိတဲ့လူတွေအတွက် ဘုရားရှင်ကလည်း ဒီအရေးကြီးတဲ့အချက်ကို ဆက်လက်၍ပြောတယ်။

လူတွေရဲ့ရင်ထဲမှာ ဘုရားအပေါ် ချည်နှောင်ထားတယ်တဲ့။

မြတ်စွာဘုရား. . .

ဒီအချက်ဟာ ကျွန်တော်တို့မေ့နေကြတဲ့ အချက်ပါလား

လူတွေက ဘုရားကို လုံးဝခွင့်မလွှတ်ဘဲ ဒီလိုဖြစ်ရတာ ဘုရားကြောင့်ပဲ. . လုံးဝကို ခွင့်မလွှတ်ဘူးဆိုပြီး ဘုရားအပေါ် အငြိုးအတေးထားထားကြတယ်။ မသိရင် ဘုရားရှင်က အပြစ်များကိုပြုလုပ်ပြီး ပြစ်မှုကြီးကို လွှန်ကြူးထားတဲ့အတိုင်းပေါ့။

စာတန်ရဲ့လှည့်ကွက်. . . ။

လှည့်ကွက်ကို ပြောတာထက် 'စာတန်ရဲ့အသေသတ်ဆေး' လို့ ပြောတာ ပိုမှန်တယ်။

ဆုတောင်းတဲ့အချက်ကိုလည်း ဘုရားက မပြည့်စေဘူး။

ဖြစ်ချင်တာတွေလည်း မဖြစ်ရဘူး။

အစရှိသည်ပေါ့။

**‘ကျေးဇူးပြု၍ သူတို့ကိုပြောပေးပါ။ ငါဘုရားရှင်ဟာ အပြစ်မပြုဘူး’** ဆိုတာကို. . .။

**နောက်ပြီးတော့ဘုရားရှင်အပေါ်ကို ဒီလိုချည်နှောင်၊ အငြိုးအတေးထားတာတွေကို ဝန်ချတောင်းပန်ပါ။ အမှန်ကိုပြင်ပြီး အမှားကိုပြင်ပါ** လို့ပြောတယ်။

**‘သူတို့ရင်ထဲမှာ ချည်နှောင်မှုရှိနေပြီး၊ ခွင့်လွှတ်ခြင်းမရှိသေးသ၍ ဘယ်လိုမှ ကောင်းချီးပေးလို့မရဘူး’** လို့လည်း ဘုရားရှင်က ပြောတယ်။

ဒုတိယသတိပေးချက်ကတော့ ဘုရားရှင်ရဲ့ သာသနာလုပ်ငန်းနဲ့စပ်ဆိုင်တယ်။ သာသနာပြု သင်းအုပ်ဆရာတွေဟာ ကိုယ့်စိတ်တိုင်းကျ မှားယွင်းတဲ့ အသက်တာများနဲ့ အသက်ရှင်နေကြတာကိုတွေ့လို့ ဘုရားရှင်က နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ်သတိပေးပြီး၊ ပြုပြင်ပြောင်းလဲခိုင်းခဲ့ပေမယ့်လည်း ဆက်မှားနေကြတုန်းပဲ ဆိုတာကိုပြောပြတယ်။

သူတို့မှာ တရားဝင်လက်ထပ်ထားတဲ့ မိန်းမကိုယ်စီရှိကြပေမဲ့ လူမသိအောင် ဖောက်ပြန်နေကြကြောင်း၊ ဘုရားရှင်ရဲ့မျက်နှာတော်ကို ရှာဖွေဖို့ပျင်း၍ ငွေကိုအလွန်အမင်း တပ်မက်ကြောင်း၊ အပြစ်ကိုဝန်ချတောင်းပန်ရန် မလုပ်ချင်ကြောင်း၊ ထို့ကြောင့်လည်း ဘုရားရှင်ကမိန့်မှာလိုက်တာကတော့ **‘အများသောထိုသူတို့သည်၊ ထိုသူတို့၏တရားဟောပြောသောပလ္လင်နေရာအရပ်၌ သေကြရလိမ့်မည်’** တဲ့။ ဒါပေမဲ့ အဲ့ဒါဘုရားရှင်ကြောင့် မဟုတ်ဘူးလို့လည်း ကျွန်တော့်ကို သတိပေးပြောကြားခဲ့တယ်။

မီးနဲ့ဆော့ရင် မီးကပဲ ကိုယ့်ကိုလောင်မြိုက်ဆုံးရှုံးစေတာလေ။

မီးနဲ့ဆော့ပြီး ‘ရေ’ကို အပြစ်တင်ချင်ကြသေးသလား?

**ပယ်ရီစတုန်း။** **။**

အဲဒီပလ္လင်မှာပဲသေကြရမယ်လို့ပြောတဲ့ ဘုရားစကားဟာ တကယ်ပြည့်မြောက်တယ်၊ ဖြစ်လာတယ်ဆိုတာ ဆရာကိုယ်တိုင် မျက်ဝါးထင်ထင်ကောတွေ့ကြုံခဲ့ရသေးလား?

**ဘုန်းတော်ကြီး။** **။**

Hypocritical lives (ငါပြောတဲ့အတိုင်း လုပ်ကိုလုပ်ရမယ်။ ငါကတော့ ငါကြိုက်သလိုလုပ်မယ်ဆိုတဲ့ အသက်တာမျိုး)ရှိတဲ့ ဘုန်းတော်ကြီး (အသိမိတ်ဆွေ)နဲ့ အမှုတော်ဆောင်၊လုပ်ဖော်ဆောင်ဖက်တွေ တကယ့်ကိုတရားပလ္လင်မှာပဲသေခဲ့ရတာတွေ့မြင်ခဲ့ရတယ်။ အဲဒီအထဲက (၂)ယောက်ကတော့ အသက် (၃၉)နှစ်ပဲရှိကြသေးတယ်။

**ပယ်ရီစတုန်း။** **။**

***၂ကော- ၂း၉ (ထိုမှတပါး၊ သင်တို့သည်အရာရာ၌နားထောင်သည်၊ နားမထောင်သည်ကို ငါသိလို၍၊ သင်တို့ကိုစုံစမ်းသောအားဖြင့် အထက်ကရေး၏။)*** အရ. . တတယ်တော့ တမန်တော်ကြီးရှင်ပေါလုဟာ တတိယကောင်းကင်ဘုံလို့ခေါ်ဆိုတဲ့ ပရသိသုဘုံသို့ ချီဆောင်ခြင်းခံခဲ့ရတာပဲ။

ဒီပရသိသုဘုံတည်ရှိ၍ ထိုနေရာတွင် သေလွန်သော်လည်း အသက်ရှင်နေကြသောလူအများ ယခုမိတ်ဆွေ စာဖတ်နေချိန်မှာ ရှိနေကြပါတယ်ဆိုတဲ့ မှန်ကန်တဲ့အချက်ကို ဘုရားရှင်က

* သူ့ရဲ့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သော်လည်းကောင်း၊

* သူ့ရဲ့ နှုတ်ထွက်စကား (နှုတ်ကပတ်တော်)အားဖြင့်သော်လည်းကောင်း၊

* သူ့ရဲ့ တံဆိပ်ခတ်ခြင်းခံထားရတဲ့လူများကို ထိုနေရာသို့ ရောက်ရှိ၍မြင်တွေ့စေခြင်းဖြင့်သော်လည်းကောင်း

သက်သေထူပါတယ်။

**စာဖတ်သူမိတ်ဆွေရေ။** **။**

ဒီအချက်အလက်၊ အကြောင်းအရာတွေကို မယုံကြည်တဲ့လူတွေ ဒုနဲ့ဒေးပါ။ အေးလေ. . သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ရွေးချယ်မှုပဲပေါ့။ တစ်ခုတော့ပြောလိုက်ပါရစေ။

ဘုရားရဲ့အလိုတော်အတိုင်း တတိယကောင်းကင်ဘုံ (ပရသိသုဘုံ)မှာ ဘုရားရှင်နဲ့တွေ့ခဲ့ကြပြီးနောက်ပိုင်း. . . အသက်ပြန်ရှင်လာတဲ့လူတွေရဲ့ နောက်ထပ်အသက်ရှင်နေတဲ့ နေ့ရက်ကာလတွေမှာ သူတို့ဘယ်လိုပုံစံမျိုးနဲ့အသက်ရှင်ကြတယ်၊ ဘာတွေလုပ်ကြတယ်၊ ဘယ်လိုပြောင်းလဲသွားကြတယ်ဆိုတာကိုတော့ မိတ်ဆွေ. . . စေ့စပ်သေချာစွာ၊ လေ့လာဆန်းစစ် မကြည့်သင့်ဘူးလား။

အကယ်၍ သူတို့ရဲ့ပြောကြားချက်နဲ့ သူတို့ရဲ့အသက်ရှင်နေထိုင်၊ လိုက်နာကျင့်သုံးပြတာနဲ့ ကိုက်ညီမှုရှိနေရင်တော့ သူတို့ဟာ Hypocrites (လူညာများ)မဟုတ်ကြဘူးလို့ ခံယူရင်းဖြင့် ဘုရားရှင်ထံပို့ပြီး ဆုတောင်းဆက်ကပ်ရန် (ပိုမို၍ ဘုရားဝတ်၌မွေ့လျော်ရန်) မသင့်လျော်ပေဘူးလားလို့ တင်ပြရင်းဖြင့်. . . ။

ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌
ဘာသာပြန်ဆိုသူ
Chris Htet Naing U
(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား
ဂုဏ်ပြုလျက် ရေးသားပါသည်။)